# Naloxone အကြောင်း အရေးကြီးသည့် အချက်များ

Indiana Department of Health

## Naloxone ဆိုတာဘာလဲ။

ဇွန်လ 2022

Naloxone ကို Narcan အမှတ်တံဆိပ်ဖြင့်လည်း သိကြပြီး ဘိန်း၏ အာနိသင်ကို ပျောက်စေသော ဆေးတစ်မျိုးဖြစ်ပါသည်။ ဘိန်းကြောင့်ဖြစ်မှန်း သင်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဆေးလွန်ကဲမှု လက္ခဏာများရှိသည့် မည်သူ့ကိုမဆို Naloxone ပေးနိုင်ပါသည်။ ထိုသူသည် ဘိန်းမသုံးထားပါက Naloxone အာနိသင်မပြဘဲ နောက်ထပ် အန္တရာယ်လည်း ပေးမည်မဟုတ်ပါ။


## ဘိန်းသုံးစွဲမှု လွန်ကဲသည့် ရောဂါလက္ခဏာတွေက ဘာလဲ။

ဘိန်းသုံးစွဲမှု လွန်ကဲသူတစ်ယောက်သည် အောက်ပါ လက္ခဏာအချို့ သို့မဟုတ် အားလုံး ခံစားရနိုင်ပါသည်–

- ပုံမှန်မဟုတ်သော အိပ်ငိုက်ခြင်း။ ထိုသူကို အသံအကျယ်ကြီး အော်နိုးခြင်း သို့မဟုတ် ၎င်း၏ရင်ဘတ်အလယ်ရှိအရိုး (ရင်အုပ်ရိုး) ကို တင်းရင်းစွာ ပွတ်ပေးခြင်းဖြင့်လည်း နိုး၍မရခြင်း
- နှေးပြီး မပြင်းထန်သော အသက်ရှူခြင်း အပါအဝင် အသက်ရှူမှု ပြဿနာများ
- မျက်စိ အလယ်ဗဟိုရှိ အရောင်ပါသောအစိတ်အပိုင်းမှ အမည်းရောင်အကွင်း (သူငယ်အိမ်) သည် အလွန်သေးငယ်ခြင်း။ "အပ်ချောင်းထိပ်ဖျားကဲ့သို့ သူငယ်အိမ်" ဟုတစ်ခါတစ်ရံခေါ်သည်
- ဝူးဝူးဝါးဝါးအသံများ သို့မဟုတ် အသက်ရှူကြပ်ခြင်း
- ယိုင်နဲ့သော ခန္ဓာကိုယ်
- နှလုံးခုန်နှုန်း နှေးခြင်း သို့ ရပ်သွားခြင်း
- နှုတ်ခမ်းနှင့် ခြေသည်းလက်သည်းများ ပြာနှမ်းခြင်း

## *ဘိန်းသုံးစွဲမှု လွန်ကဲသူတစ်ယောက်ဟု သံသယဖြစ်ပါက ကျွန်ုပ်ဘာလုပ်ရမည်နည်း။*

1. ဆေးဝါးဗေဒပညာရှင်က သင့်အားညွှန်ကြားသည့်အတိုင်း သို့မဟုတ် naloxone ဘူးပေါ်တွင် ရေးထားသည့်အတိုင်း naloxone ဆေးကို ချက်ချင်းပေးပါ။ ထို့နောက် 911 ကိုဖုန်းဆက်ပါ။
2. သင်လေ့ကျင့်ထားပါက ပါးစပ်ဖြင့် အသက်ရှူကယ်တင်ခြင်း (CPR) ပြုလုပ်ပါ။
3. naloxone ပေးပြီးနောက် 2–3 မိနစ်ကြာသည်အထိ အပြောင်းအလဲ မရှိပါက နောက်ထပ် ဆေးတစ်ကြိမ်ထပ်ပေးပါ။
4. အရင်ဆုံး တုံ့ပြန်ကူညီမည့်သူ လာချိန်အထိ ထိုသူနှင့်အတူ နေထိုင်ပါ။
5. သင် naloxone ကို ဘယ်အချိန်တွင် ဘယ်ပမာဏဖြင့် ပေးထားကြောင်း အရင်ဆုံး တုံ့ပြန်ကူညီမည့်သူအား ပြောပြပါ။



## ထိုသူသည် သတိလည်လာပြီး အသက်ပြန်ရှူလာပါက 911 ကို ခေါ်စရာ လိုပါသေးသလား။

လိုပါသည်။ ဆေးလွန်ကဲသူ၏ အခြေအနေကို အကဲဖြတ်ရန် ကျွမ်းကျင် ဆေးပညာရှင်များ ရှိဖို့အရေးကြီးပါသည်။ တစ်ခါတစ်ရံ ဆေးလွန်ကဲမှုကို ကုသရန် naloxone တစ်ကြိမ်၊ နှစ်ကြိမ်ထက် ပို၍ လိုအပ်နိုင်ပါသည်။ ထို့ပြင် ဆေးလွန်ကဲသူသည် တစ်ခါတစ်ရံ အခြား ကျန်းမာရေး ပြဿနာများဖြစ်သည့် အတက်ရောဂါ၊ နမိုးနီးယား သို့မဟုတ် နှလုံးရောဂါတို့ ဖြစ်လာနိုင်ပါသည်။ ထို့ပြင် ဘိန်းသုံးစွဲမှု လွန်ကဲခြင်း မဟုတ်သော အခြားတစ်ခုခုလည်း ခံစားရနိုင်ပါသည်။

## Naloxone သည် ဘိန်းသုံးစွဲမှု လွန်ကဲခြင်း တစ်ခုတည်းအတွက်သာ ကုသပေးသလား။

မှန်ပါသည်။ Naloxone သည် ဘိန်းဖြူ methadone, morphine, opium, codeine နှင့် hydrocodone စသည့် ဘိန်းတို့၏ အာနိသင်ကိုသာ ကုသပေးပါသည်။ သို့သော် သုံးစွဲမှု လွန်ကဲသူများစွာက ဘိန်းပါသော အကိုက်အခဲ ပျောက်ဆေး အပါအဝင် ဆေးပေါင်းများစွာ သောက်ကြပါသည်။ ထိုသူဘာဆေး သောက်ထားမှန်း သင်သေချာမသိလျှင်ပင် naloxone ကို အန္တရာယ်ကင်းစွာ ပေးနိုင်ပါသည်။ ထိုသူသည် ဘိန်းမသုံးထားပါက Naloxone အာနိသင်မပြဘဲ နောက်ထပ် အန္တရာယ်လည်း ပေးမည်မဟုတ်ပါ။

## Naloxone ကြောင့် စိတ်ကြွခြင်း သို့မဟုတ် ဆေးလွန်ကဲခြင်း ဖြစ်စေပါသလား။

Nမဟုတ်ပါ။ naloxone ၏ တစ်ခုတည်းသော အာနိသင်မှာ ဘိန်း၏ အာနိသင်ကို ပျောက်စေခြင်းဖြစ်သည်။ Naloxone သည် ဘိန်းမဟုတ်ပါ။ အလွဲသုံးမှု သို့မဟုတ် စွဲလမ်းမှု ဖြစ်နိုင်ခြေ မရှိပါ။ naloxone ကြောင့် ဆေးလွန်ကဲမှု မဖြစ်နိုင်ပါ။

## Naloxone ကိုဘယ်လို ရနိုင်မလဲ။ ဆေးညွှန်း လိုပါသလား။

naloxone ထုတ်ပေးသည့် (ဆေးဆိုင် သို့မဟုတ် သင့်ဒေသ ကျန်းမာရေးဌာန) တည်နေရာကို သင်ဒီမှာ ရှာဖွေနိုင်ပါသည် optin.in.gov။
မည်သည့်ဆေးညွှန်းမျှ မလိုအပ်ပါ။

## ကုသမှုဆိုင်ရာ နောက်ထပ်အချက်အလက်များ

IN.gov/recovery တွင် ဆေးစွဲမှု ကုသရေးအကြောင်း အချက်အလက်များစွာ ဖော်ပြထားပါသည်။ အောက်ပါစာရင်းမှာ ရရှိနိုင်သောအရာကို အနည်းငယ်မျှ ဖော်ပြခြင်း ဖြစ်ပါသည်။ ပိုမိုပြည့်စုံသော အချက်အလက်များ သိရအောင် ဝက်ဘ်ဆိုက်တွင် ဝင်ကြည့်ပါ။

- Indiana ပြည်နယ် ဆေးစွဲမှု အရေးပေါ် ဖုန်းလိုင်းကို ခေါ်ပါ 1-800-662-HELP (4357) သို့မဟုတ် 2-1-1.ကိုခေါ်ပါ။
- သင့်အနီးအနားရှိ ဆေးစွဲမှုကုသရေးနေရာကို ရှာဖွေရန် FindTreatment.SAMSHA.gov မှာဝင်ကြည့်ပါ။ ထိုဝက်ဘ်ဆိုက်တွင် ဘိန်းစွဲမှု ကုသရန် ဆေးဝါးအကူအညီ အထူးပေးအပ်သည့် နေရာများကိုလည်း သင်ရှာတွေ့နိုင်ပါမည်။
- Indiana ပြည်နယ်၌ ရပ်ရွာအခြေပြု ပံ့ပိုးရေးရင်းမြစ်များစွာ ရှိပါသည်။ ထိုရင်းမြစ်များထဲတွင် နှစ်သိမ့်ဆွေးနွေးခြင်း၊ အဆိပ်ဖြေခြင်း၊ ကျန်းမာရေး စောင့်ရှောက်ခြင်း၊ နေရာထိုင်ခင်း၊ မူးယစ်ဆေး သုံးစွဲမှုရောဂါ အကူအညီနှင့် ပံ့ပိုးရေးအဖွဲ့များ ပါဝင်ပါသည်။



naloxone နှင့်ပတ်သက်၍ နောက်ထပ် အချက်အလက်များ
သိရှိလိုပါက **OptIN@isdh.in.gov** ကိုဆက်သွယ်ပါ

Indiana Department of Health